rutnin - gimbel
lasikcentre



# မျက်စိစမ်းသပ်စစ်ဆေးမှု၊ လုပ်ထုံးလုပ်နည်းများ

WWW.RUTNINGIMBEL.COM

# ရတ်တနင်း ဂင်းဘဲလ် လေးဆစ် စင်တာ



ရတ်တနင်းမျက်စိဆေးရုံ (Rutnin Eye Hospital) သည်မျက်စိပညာရပ်ဆိုင်ရာအထူးခွဲစိတ်ကုသမှုနယ်ပယ် တွင်ကျွမ်းကျင်မှုရှိသောထိုင်းနိုင်ငံ၏ပထမဆုံးဆေးရုံဖြစ်သည်။ နှစ်ပေါင်း၅၀ကျော်အတွေ့အကြုံနှင့်အတူငွင်း၏ ဂုဏ်သတင်း၊ထိပ်တန်းအရည်အသွေးစောင့်ရှောက်မှုပေါ်အခြေခံပြီး၊ပြိုင်ဘက်ကင်းသူအဖြစ်တစ်မူထူးခြားတ ည်ရှိခဲ့သည်။

၁၉၉၂ ခုနှစ်ကတည်းကကျွန်ုပ်တို့၏မျက်စိအထူးကုဆရာဝန်များသည်မျက်စိအမြင်အာရုံချို့ယွင်းမှုဆိုင် ရာခွဲစိတ်ကုသမှုတွင်စူးစိုက်ကာဆန်းသစ်တီထွင်မှုများကိုအစပျိုးခဲ့သည်။

ရတ်တနင်း ဂင်းဘဲလ် လေးဆစ် စင်တာ (Rutnin-Gimbel LASIK Centre) တွင်ကျွန်ုပ်တို့၏နာမည်ကျော်ကြား သည့်မျက်စိအထူးကုဆရာဝန်များ၏ယနေ့တင်ဆက်မှုသည်အဆင့်မြင့်ဆုံးလေဆာနည်း ပညာနှင့်အတူ၊ နောက် ဆုံးပေါ် ReLEx SMILE ကဲ့သို့သောခေတ်မီသောမျက်စိအလင်းယိုင်ခွဲစိတ်ကုသမှုလုပ်ထုံးလုပ်နည်းကုသမှုပုံစံ များဖြစ်သည်။

# ခွဲစိတ်ကုသမှုမပြုလုပ်မီနှင့်ခွဲစိတ်ကုသ ပြီးနောက်ပြောင်းလဲမှုအဆင့်များ။







## ခွဲစိတ်ကုသမှုမပြုလုပ်မီစစ်ဆေးမှု။

ခွဲစိတ်ကုသမှုမပြုမီ အကဲဖြတ်စစ်ဆေးစဉ်အတွင်း တွင် ရတ်တနင်း ဂင်းဘဲလ်မျက်စိအထူးကုဆရာဝန်က သင်၏မျက်စိနာကျင်မှုအခြေအနေများ(အထူးသဖြင့်မျက်ကြည်လွှာ၏အထူနှင့်အကွေးများ)ကိုစေ့စပ်သေချာစွာစမ်းသပ်စစ်ဆေးမည်။ စမ်းသပ်စစ်ဆေးမည်။ မျက်စိအထူးကုဆရာဝန်ကသင့်မျက်စိအခြေအနေများ၊မျက်စိအလင်းယိုင်မှုများကိုရှင်းပြပြီး၊ အကောင်းဆုံးနည်းလမ်းကိုဆုံးဖြတ်ပေးမည်၊ သို့မဟုတ် သင့်အားရွေးချယ်စေမည်။ သင်၏ရုပ်အာရုံမြင်နိုင်မှုအရည်အသွေးနှင့်အတူအခြေအနေအားလုံးနှင့်တွေ့ဆုံသည့်ခွဲစိတ်ကုသမှုနည်းလမ်းကိုသာအတတ်နိုင်ဆုံးဦးစားပေးတင်ပြအကြံပေးမည်ဖြစ်သည်။

## စမ်းသပ်စစ်ဆေးမှုလိုအပ်ချက်များ။



- မျက်ကပ်မှန်တပ်သည့်သူများအတွက် soft lens အတွက် ၇ ရက် (hard lens အတွက် ၃ ပတ်) မတပ်ရပါ။
- သင့်မျက်စိအထူးကုဆရာဝန်နှင့်အတူတိုင်ပင်နိုင်ရန်သက်ဆိုင်ရာဆေးဘက်ဆိုင်ရာသတင်းအချက်အလက်ကိုပြင်ဆင်ထားပါ။(လက်ရှိဆရာဝန်ဆေးညွှန်းများ၊သောက်နေသည့်ဆေးများ)။
- စမ်းသပ်စစ်ဆေးပြီးပါကသင်၏အမြင်အာရုံသည်ယာယီချို့တဲ့မှုရှိစေနိုင်သည့်အတွက်၊ သင့်၏သယ်ယူပို့ဆောင်ရေးကိုစီစဉ်ထားပါ။

## ခွဲစိတ်ကုသပြီး၊ follow-up များ


ခွဲစိတ်ကုသပြီးနောက်ပထမဦးဆုံးသောနေ့မှစပြီး၊အခမဲ့တိုင်ပင်မှုကာလတစ်လျှောက်လုံး တစ်နှစ်ကာလအကြာ အထိ သင်သည် သင့်၏မျက်စိအထူးကုဆရာဝန်နှင့်နီးကပ်စွာပြန်သွားပြရလိမ့်မည်။


ပြန်လည်ပြသချိန်(အတင်းအကြပ်) - ခွဲစိတ်ကုသပြီး ၁ ရက်နှင့် ၇ ရက်။


ပြန်လည်ပြသချိန်(အရန်)- ခွဲစိတ်ကုသပြီး ၁ လ၊ ၃လ။ ၆လ နှင့် ၁ နှစ်။

ရတ်တနင်း ဂင်းဘဲလ်ကမျက်စိအထူးကုဆရာဝန်များအားလုံးသည် စမ်းသပ်စစ်ဆေးမှုနှင့်လေဆာနည်းပညာဖြင့်ခွဲစိတ်ကုသမှုတွင်အလွန်ကျွမ်းကျင်သောအတွေ့အကြုံကောင်းများရှိကြသည်။ လူနာတစ်ဦးချင်းစီအတွက်၊ခွဲစိတ်ကုသမှုမပြုမီစမ်းသပ်စစ်ဆေးမှုများ၊ခွဲစိတ်ကုသမှုနှင့်ခွဲစိတ်ကုသပြီးနောက်ပြန်လည်ပြသခြင်းအားလုံးတွင်အထူးကုဆရာဝန်တစ်ဦးတည်းဖြစ်သည်။ပြောင်းလဲမှုမရှိပါ။

# ReLEx SMILE









ReLEx SMILE ခွဲစိတ်ကုသနည်းသည် ရှိဖူးသမျှထဲတွင်အသေးငယ်ဆုံးခွဲစိတ်ကုသမှု (Minimally invasive surgery) ဖြစ်သည်။ နောက်ဆုံးပေါ်နည်းပညာဖြင့် သင့်အထူးကုဆရာဝန်က မျက်ကြည်လွှာထဲတွင် flap ကိုမလုပ်တော့ပဲ လေဆာဖြင့် lenticule ကို(၂-၄ မီလီမီတာ) ခန့်သာ ခွဲစိတ်ကုသသည်။ ဆရာဝန်က lenticule ကိုဖယ်ရှာ းပြီးနောက်မျက်ကြည်လွှာပုံသဏ္ဍာန်အသစ်ကိုဖြစ်ပေါ်စေသည်။ အနည်းငယ်ကျူးကျော်မှုသာဖြစ်သည့်အတွက်ခွဲစိတ်စဉ်နှင့်ခွဲစိတ်ပြီးကာသိကအောက်ဖြစ်မှုအတွေ့အကြုံသည် မပြောပလောက်အောင်ဖြစ်သည်။ ဤဆန်းသစ်တီထွင်မှု၏အဓိကအကျိုးခံစားခွင့်သည်အချိန်အလွန်တိုတောင်းသည့်ခွဲစိတ်ကုသမှုဖြစ်ခြင်း၊ယားယံမှုကန့်သတ်ခြင်း၊နှင့်ဒဏ်ရာလျှင် မြန်စွာပျောက်ကင်းစေသည်။


# Femto LASIK

Femto LASIK နည်းသည်ခွဲစိတ်ကုသပြီး
နောက်အကျိုးဆက်ရလဒ်အကောင်းဆုံးဖြစ်ပြီး၊
ကမ္ဘာတစ်ဝှမ်းတွင် အသုံးပြုသည်။


ပထမအဆင့်တွင် သင့်ဆရာဝန်က လေဆာသုံးပြီး၊ မျက်ကြည်လွှာအပေါ်ယံ flap ကိုခွါရသည်။ ပြီးနောက်ဒုတိယအဆင့်တွင် မျက်ကြည်လွှာ၏မျက်နှာပြင်အတွင်းပိုင်းကို အမြင်အာရုံအကောင်းဆုံးမြင်နိုင်စေရန် Excimer Laser ကရိယာသုံးပြီး၊ ပြုပြင်ရသည်။ နောက်ဆုံးအဆင့်တွင်လေဆာပစ်ပြီး၊ flap ကို နေရာဟောင်းသို့ နေသားတကျပြန်ထားရသည်။အတိတ်ကာလက ခွဲစိတ်ကုသနည်းနှင့်မတူပဲ၊ Femto LASIK နည်းလမ်းသည် လေဆာကိုအပြည့်အ၀ အသုံးပြုသောနည်းလမ်းဖြစ်သည်။ ချောမွေ့သောခွဲစိတ်ကုသမှုအတွေ့အကြုံဖြစ်ပြီး၊အမြင်အာရုံကသိကအောက်ဖြစ်မှုကိုအတော်အသင့်လျှော့စေ ပြီး၊တည်ငြိမ်သောအမြင်အာရုံသို့ လျှင်မြန်စွာပြန်ရောက်စေသည်။







# အခြားလုပ်ထုံးလုပ်နည်းများ၊






## LASIK
## (Laser-assisted in situ Keratomileusis)


လေးဆစ်နည်းလမ်းသည် လေဆာနှင့်မျက်စိပါဝါချိန်ညှိနည်းကို မိတ်ဆက်သောနည်းဖြစ်သည်။ မျက်ကြည်လွှာ၏ ပုံသဏ္ဍာန်ကို လေဆာနှင့် ပြန်လည်ပုံဖော်ပြီး ပါဝါချိန်ညှိသည့်နည်းဖြစ်သည့် အလွှာပေါ် flap တစ်ရှူးခွဲစိတ်ကုသမှု၏ ပထမဆုံးအခြေခံဖြစ်သည်။ flap သည်မျက်ကြည်လွှာ၏အပေါ်ယံတွင်တိကျမှန်ကန်မှုရှိသောကရိယာဖြင့်ခွဲရသည်၊ သင့်အထူးကုဆရာဝန် က Excimer Laser ကရိယာဖြင့်မျက်ကြည်လွှာ၏အတွင်းပိုင်းကိုပြုပြင်ရန် flap ကိုခွဲသည်။၎င်းနောက် flap ကို နေရာဟောင်းသို့ပြန်လည်ဖုန်းထားလိုက်သည်။

---

## PRK (Photorefractive Keratectomy)

PRK နည်းသည် ပထမဦးဆုံးမျက်ကြည်လွှာမျက်နှာပြင်ခွဲစိတ်ကုသသောနည်းလမ်းဖြစ်သည်။ အဝေးမှုန်ခြင်းနှင့် မျက်စိဆုံချက်မညီမှုပြဿနာများကိုကျယ်ပြန့်စွာ အသုံးပြုသည်။ ပထမဦးဆုံး သင့်၏အထူးကုဆရာဝန်က အယ်လကိုဟောဖြင့်ပါးလွှာသည့်မျက်ကြည်လွှာကိုအားပျော့စေပြီး၊ စက် ကရိယာဖြင့်ဖယ်ရှားပေးသည်။ ၎င်းနောက်မျက်ကြည်လွှာ၏ အောက်မျက်နှာပြင်ကို Excimer Laser ဖြင့် အလင်းယိုင်အားကိုပြင်ဆင်စေသည်။နောက်ဆုံးတွင် ရက်အနည်းငယ်အတွင်းအပီသီလီရယ်ဆဲလ်ပြန်ပေါက်သည်အထိမျက်စိပေါ်မှန်ဘီလူးကို ပတ် တီးပတ်ကာကွယ်ထားရမည်။






# ရတ်တနင်း ဂင်းဘဲလ်၏ကန်ဒီဒိတ်

ကျွန်ုပ်တို့၏မျက်စိအထူးကုဆရာဝန်များသည်  ရတ်တနင်း မျက်စိဆေးရုံတည်ထောင်သူ ဒေါက်တာ အူထိုင်း ရတ်တနင်း (Dr.Uthai Rutnin) ၏သတ်မှတ်ထားသောကျင့်ဝတ်များကို တန်ဖိုးထားကြသည်။ ကျွန်ုပ်တို့သည် မျက်စိခွဲစိတ်ကုသမှုမပြုမီတိုင်း၊အမြဲတမ်းအရင်တွေ့ဆုံပြီး မှခွဲစိတ်ရမည်ဆိုသောတင်းကြပ်သောစည်းကမ်းချက် များကိုလိုက်နာပါသည်။လူနာသစ်များ၏ အခြေခံပရိုဖိုင်းကိုကျွန်ုပ်တို့၏ အတိုင်ပင်ခံများကတစ်ဦးချင်းစီ စနစ်တကျပြန် လည်သုံး သပ်ထားသည်။ခွဲစိတ်ကုသမှုအတွက်ကန်ဒီဒိတ်တစ်ဦးချင်းစီသည် ကောင်းသောကျန်းမာရေးနှင့် တည်ငြိမ်မှုရှိသောရုပ်ပုံရှိရမည်။

ဆေးဘက်ဆိုင်ရာကိစ္စများအပြင်၊သင်၏အထူးကုဆရာဝန်က သင့်မျက်စိခွဲစိတ်ကုသမှု အကြောင်းနှင့်လက်တွေ့ မျှော်မှန်းချက်များကိုအချိန်အရေးပါစွာညှိနှိုင်း ဆွေးနွေးမည်။ ဤနှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်မှုဖြင့် အခြေ အနေအားလုံးလို အပ်သကဲ့သို့ဆွေဆုံပါကသင့်အတွက် အကောင်းဆုံးနည်းလမ်းကိုတင်ပြပါလိမ့်မည်။



အခြေခံလိုအပ်ချက်များ

- အသက် - အနည်းဆုံး(၂၇) နှစ်ရှိရပါမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- ကောင်းမွန်သောမျက်စိအခြေအနေရှိရမည်၊ (မျက်စိရောဂါ၊မျက်စိခြောက်သွေ့ခြင်းများမဖြစ်စေရ၊)
- ကိုယ်ဝန်ဆောင်သူများ၊ကလေးနို့တိုက်နေသူများမလုပ်သင့်ပါ။

# ဆက်သွယ်ရန်၊ ဝင်ရောက်ရန်၊

အပြည့်အဝလေ့ကျင့်သင်ကြားထားသည့် ရုတ်တနင်း ဂင်းဘဲလ် အတိုင်ပင်ခံပုဂ္ဂိုလ်များက သင့်အားအသုံးဝင်သောသတင်းအချက်အလက်များနှင့် ခွဲစိတ်ကုသမှုမပြုမီအကဲဖြတ်မှုများ သို့မဟုတ် ကျွန်ုပ်တို့၏မျက်စိအထူးကု ဆရာဝန်တစ်ဦးနှင့်အတူတိုင်ပင်ရန်အတွက် ရက်ချိန်းသတ်မှတ်နိုင်သည်။ အကယ်၍ဆရာဝန်နာမည်ကိုအထူး သတ်မှတ်လိုပါက ချိန်းဆိုမှုထဲတွင်နာမည်ဖော်ပြထားပါ။

အောက်တွင်ဖော်ပြထားသည့်အတိုင်း
ကျွန်ုပ်တို့၏စင်တာကို နေ့ခင်း
ဘက်တွင်ဖွင့်လှစ်ထားပါသည်။

| | |
|---|---|
| တနင်းလာ - စနေနေ့အထိ | ၀၈.၀၀ - ၁၈.၀၀ နာရီ၊ |
| တနင်္ဂနွေနေ့ | ၀၈.၀၀ - ၁၇.၀၀ နာရီ၊ |
| အားလပ်ရက်များ | ၀၈.၀၀ - ၁၆.၀၀ နာရီ၊ |


rutnin - gimbel
lasikcentre

အမှတ် ၆၆၊  ဂျူပေါ့စ် အဆောက်အဦ၊  ၁၆ ထပ်၊ ဆုခွန်ဗစ်
၂၁ လမ်း၊(အဆုတ်) မြောက်ခလောင်းတွေး၊ ဝပ်တနားမြို့နယ်၊
ဘန်ကောက်မြို့၊  ၁၀၁၁၀

+၆၆ (၀)၂ ၆၃၉ ၃၃၅၅ / +၆၆ (၀)၆ ၁၄၁၅ ၃၅၅၅

info@rutningimbel.com    www.rutningimbel.com